မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

April 28 , 2023 Volume 65, Number 14

၂၈.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၅၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဘဏ်တွင်အပ်နှံခြင်းအစား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်ရန် ဂျပန်အစိုးရမှ တွန်းအားပေး ဆောင်ရွက်သွားမည်

ဂျပန်စတော့အိတ်ချိန်းဈေးကွက်တွင် ၂၀၁၄ ခုနှစ်၌ အချိန်ကာလ အကန့်အသတ်ဖြင့် စတင်မိတ်ဆက်ခဲ့သည့် အခွန်ကင်းလွတ်ခွင့်ပြုမည့် အစီအစဉ်ပါဝင်သော Nippon Individual Savings Account (NISA) ကို ပြန်လည်ပြင်ဆင်ကာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် အပြည့်အဝ စတင်ဖော်ဆောင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အဆိုပါအစီအစဉ်အရ စတော့ရှယ်ယာများ၊ ရင်းနှီးမြှုပ်နှံမှုများကိုရောင်းချခြင်းမှ ရရှိသည့်ဝင်ငွေအပေါ် ပေးဆောင်ရမည့် အခွန်အခများကို ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

အဆိုပါအစီအစဉ်ကို ဂျပန်အစိုးရ၏ Asset Income Doubling Plan အောက်မှ ဖော်ဆောင်ခြင်းဖြစ်ပြီး၊ Asset Income Doubling Plan ကို ပေါ်ထွန်းစ စီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် ရန်ပုံငွေများ ပိုမိုရရှိစေရေး ရည်ရွယ်ဖော်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

ယခုနှစ်သည် အဆိုပါစီမံကိန်းပထမနှစ်ဖြစ်သည့်အလျောက် ဘဏ်တွင်အပ်နှံခြင်းအစား ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် တွန်းအားပေး၍ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဖူမီအို ခီရှိဒက ပြောကြားထားပါသည်။ ၂၀၂၂ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲခဲ့သည့် Asset Income Doubling Plan အရ အစိုးရအနေဖြင့် Nippon Individual Savings Account (NISA) အရေအတွက်ကို ၃၄ သန်းအထိရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုပမာဏကို ၅ နှစ်အတွင်း ယန်း ၅၆ ထရီလီယံရရှိရန် မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ NISA Account ဖွင့်လှစ်ခွင့်ပြုသည့်အချိန်မှစ၍ Account အသစ် ၁၇ သန်းဖွင့်လှစ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ယန်း ၂၈ ထရီလီယံအထိ ရရှိခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားပါသည်။

Asset Income Doubling Plan တွင် ရည်မှန်းချက် ၃ ရပ်ပါရှိကာ ရည်မှန်းချက် ၁ အနေဖြင့် NISA Account အရေအတွက်ကို လက်ရှိ ၁၇ သန်းမှ ၃၄ သန်းအထိ ၅ နှစ်အတွင်း ရရှိရန်၊ ရည်မှန်းချက် ၂ အနေဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏကို လက်ရှိ ယန်း ၂၈ ထရီလီယံမှ ၅၆ ထရီလီယံ ရရှိရန်၊ တတိယရည်မှန်းချက်အနေဖြင့် ရည်မှန်းချက် ၁ နှင့် ၂ ပါအချက်များပြည့်မီရန် အလယ်အလတ်လူတန်းစားများကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကာလရှည်ရည်မှန်းချက်များချမှတ်နိုင်ရေး မူဝါဒများရေးဆွဲဆောင်ရွက်သွားရန် ဖော်ပြထားပါသည်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၀၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၈
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

Nippon Individual Savings Account (NISA) တစ်ခုအတွက် Investment Trust များမှ တစ်နှစ်လျှင် အများဆုံး ရင်းနှီးမြှုပ်နှံခွင့်ပြုကာ အခွန်ကင်းလွတ်ခွင့်ပြုမည့်ပမာဏမှာ ယန်း ၁.၂ သန်း၊ တစ်ဦးချင်း Account များအတွက် Growth Investment Account တစ်ခုလျှင် ယန်း ၂.၄ သန်း ၊ ရာသက်ပန်ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်၍ အခွန်ကင်းလွတ်ခွင့် ရှိမည့်ပမာဏမှာ NISA Account တစ်ခုအတွက် ယန်း ၁၈ သန်း သတ်မှတ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

NISA Account ကို အသက် ၁၈ နှစ်နှင့်အထက် ဂျပန်နိုင်ငံသားများအနေဖြင့် ဖွင့်လှစ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး Account သုံးစွဲသူများ တိုးပွားလာစေရေးအတွက် Account အသစ် ပြုလုပ်သူများကို ဆွဲဆောင်မည့်အစီအစဉ်များလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source : The Japan Times (25-4-2023)**

**(စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

https://myantrade.gov.mm/article/STP(Yangon)-27042023-14:19

## ၂၀၂၃ ခုနှစ်၊ ပထမ (၃) လပတ်ကာလအတွင်း တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေးကျဆင်းမှု အန္တရာယ်မှ သီသီလေးလွတ်မြောက်နိုင်ခဲ့

၂၀၂၃ ခုနှစ်၊ ပထမ (၃) လပတ်ကာလဖြစ်သည့် ဇန်နဝါရီလမှမတ်လအထိ ကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်၊ စတုတ္ထသုံးလပတ်ကာလနှင့်နှိုင်းယှဉ်ပါက ၀.၃ ရာခိုင်နှုန်း တိုးတက်လာသည့် အတွက် စီးပွားရေး ကျဆင်းမှုအန္တရာယ်မှ သီသီလေးလွတ်မြောက်နိုင်ခဲ့သည်ဟု တောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်က ၂၄-၄-၂၀၂၃ ရက်နေ့က ထုတ်ပြန်ခဲ့သော စာရင်းဇယားများအရ သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ပထမ (၃) လပတ်ကာလအတွင်း တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေး တိုးတက်လာသော်လည်း ၂၀၂၂ ခုနှစ်၊ စတုတ္ထသုံးလပတ်ကာလအတွင်း၌မူ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ၀.၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း၊ (၃) လပတ်ကာလနှစ်ခုဆက်တိုက် စီးပွားရေးဆက်လက်ကျဆင်းလာပါက စီးပွားရေးကျဆင်းသည် (Recession) ဟု မှတ်ယူကြကြောင်း ဖော်ပြပါရှိပါသည်။

၂၀၂၃ ခုနှစ်၊ ပထမ (၃) လပတ်ကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်လာခြင်းမှာ ပို့ကုန်တင်ပို့မှု တိုးတက်ခဲ့ပြီး ပြည်တွင်းဝယ်လိုအားလည်း မြင့်မားလာသည့်အတွက်ဖြစ်ပါသည်။ သို့သော် တစ်နှစ်ပတ်လုံး အနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးမည်ဟု မျှော်မှန်းထားကြပါသည်။ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများတွင် ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားမှုကို ထိန်းချုပ်ရန် ပြဋ္ဌာန်းလာသည့် တင်းကျပ်သော ငွေကြေးမူဝါဒများကြောင့် ဝယ်လိုအားများ ကျဆင်းနေသည့်အတွက် တောင်ကိုရီးယားနိုင်ငံ၏ တင်ပို့မှုလည်း ကျဆင်းလာကာ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးမည်ဟု မျှော်မှန်းကြခြင်း ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုပမာဏ (၆) လဆက်တိုက် ကျဆင်းခဲ့ကြောင်း၊ ပြည်တွင်း ငွေကြေးဖောင်းပွမှုနှုန်းကိုထိန်းချုပ်ရန် တောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်က အတိုးနှုန်းကို ၃.၅ ရာခိုင်နှုန်းအထိ မြှင့်တင်လိုက်သည့်အတွက် ပြည်တွင်းရှိ လူတစ်ဦးချင်းသုံးစွဲမှုနှုန်းအပေါ်တွင်လည်း ဖိအား ဖြစ်စေကြောင်း ဖော်ပြပါရှိပါသည်။

ပြည်တွင်း၊ ပြည်ပမှ တင်းကျပ်သော ငွေကြေးမူဝါဒများကြောင့် ၂၀၂၂ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး တိုးတက်နှုန်းသည် ကနဦးခန့်မှန်းထားသည့် ၄.၁ ရာခိုင်နှုန်းထက် များစွာလျော့နည်းခဲ့ကာ ၂.၆ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ ပါသည်။ ယင်းနှုန်းထားသည် ၂၀၂၀ ပြည့်နှစ်မှ စတင်၍ အနှေးကွေးဆုံးနှုန်းထားဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွက် စီးပွားရေး တိုးတက်နှုန်းကိုလည်း ၁.၆ ရာခိုင်နှုန်းသာရှိလိမ့်မည်ဟု တောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (The Organization for Economic Cooperation and Development- OECD) တို့က ခန့်မှန်း ထားပါသည်။

**(စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

**Source: Korea Joongang Daily (25-4-2023)**

https://myantrade.gov.mm/article/Naypyitawstp_270420231239

## နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း တစ်ဒေါ်လာ ၂၈၇၀ ကျပ်ဝန်းကျင်ဖြင့် အရောင်းအဝယ်အေးနေ

ဗဟိုဘဏ်မှ နိုင်ငံခြားငွေလဲနှုန်းက အမေရိကန်တစ်ဒေါ်လာ ကျပ် ၂၁၀၀ သတ်မှတ်ထားပြီး ပြင်ပငွေကြေးဈေးကွက်အတွင်း အမေရိကန် တစ်ဒေါ်လာ ၂၈၇၀ ကျပ် ဝန်းကျင်ဖြင့် အရောင်းအဝယ်အေးနေကြောင်း သိရသည်။

ပြည်တွင်းအမေရိကန်ဒေါ်လာလဲလှယ်နှုန်းသည် မတ်လနောက်ဆုံးအပါတ်တွင် ဒေါ်လာအကျဘက်သို့ ဦးတည်လာပြီး သင်္ကြန်ကာလပြီးနောက်ပိုင်းတွင်လည်း တစ်ဒေါ်လာကို ကျပ် ၂၈၆၀ မှ ၂၈၇၀ ကြား ဝန်းကျင်တွင်ရှိကြောင်း သိရသည်။

ပြင်ပငွေကြေးဈေးကွက်အတွင်း အခြားနိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းထားတွေမှာ ယူရို ၃၁၀၅ ကျပ်၊ စင်ကာပူ ဒေါ်လာ ၂၁၅၀ ကျပ်၊ မလေးရှားရင်းဂစ် ကျပ် ၆၅၀ ၊ ထိုင်းဘတ်ကျပ် ၈၄.၁၀ ၊ တရုတ်ယွမ် ၄၁၄ ကျပ်၊ ဂျပန်ယန်း ၂၂.၂၀ကျပ် ဖြစ်ကြောင်း သိရသည်။

**Source: Popular News Journal**

## ပို့ကုန်ပဲများ ဆက်လက်ဈေးမြင့်တက်လာသော်လည်း တရုတ်လိုင်းတင်ပို့သည့် ပဲနှမ်းအချို့ ဈေးကျဆင်းနေ

ပို့ကုန်ပဲများ ဆက်လက်ဈေး မြင့်တက်လာသော်လည်း တရုတ်လိုင်းတင်ပို့သည့် ပဲနှမ်းအုပ်စု ဈေးကျဆင်းအဝယ်ရပ်နေကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ရန်ကုန်ပို့ကုန်လိုင်းတွင် အရောင်းအဝယ် ပုံမှန်ရှိနေသော်လည်း ဧပြီ ၂၃ ရက်က တရုတ်နယ်စပ်တွင် တရုတ်အစိုးရ၏ အခွန်ဆိုင်ရာသတ်မှတ်ချက်များကြောင့် တရုတ်ပဲနှမ်းကုန်သည်အချို့ ထိန်းသိမ်းခံရမှုသတင်းများကြောင့် မန္တလေး ပဲဈေးကွက်တွင် အဝယ်အေး သွားခြင်းဖြစ်ကြောင်းသိရသည်။

ဧပြီလကုန်ပိုင်းတွင် ပို့ကုန်ပဲများ အပါအဝင် ပြည်တွင်းသုံး ကုလားပဲအုပ်စုနှင့် မြေပဲဆန်မှာ အရောင်းအဝယ် ဆက်လက်ကောင်းမွန်နေပြီး တရုတ်ပို့ကုန်ဖြစ်သည့် နှမ်းနက်၊ ပဲတီစိမ်းနှင့်ပဲမာလိုင်းအချို့ ဈေးအေးအဝယ်ရပ်နေကြောင်း အိန္ဒိယဝယ်လိုအားကောင်းသော်လည်း အဝယ်ကုန်သည်များ၏ လိမ္မာပါးနပ်စွာ ဝယ်ယူမှုကြောင့် ပို့ကုန်ပဲများမှာ တဖြည်းဖြည်းမြင့်တက်လာသည့် ဈေးကွက်ဖြစ်နေကြောင်း မြဂတီလမ်းကြောင်း မှ မြေပဲဆန် အဝယ်ရှိတာကြောင့် ဈေးကျဆင်းသည့် မြေပဲဆန်မှာ အနည်းငယ်သာ ကျဆင်းပြီး အရောင်းအဝယ်ကောင်းနေကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပို့ကုန်ပဲဈေးတွေကတော့ ဈေးမကျပါဘူး။ ပုံမှန်အဝယ်ရှိနေပါတယ်။ မတ်ပဲတစ်အိတ် ငွေကျပ် ၂၀၅၀၀၀-၂၀၆၀၀၀၊ ပဲစင်းငုံတစ်အိတ် ငွေကျပ် ၂၂၅၀၀၀- ၂၂၆၀၀၀ ပုံမှန်အရောင်းအဝယ်ရှိ နေပါတယ်။ အိန္ဒိယဝယ်လိုအား ကောင်းပေမယ့် ဝယ်လက်သမားတွေက ထိန်းပြီးဝယ်နေလို့ ဈေးကတော့ ပုံမှန်လေးတက်နေတာပါ။ မြေပဲဆန်၊ နှမ်း၊ ပဲတီစိမ်းကတော့ အရောင်းအဝယ် ခပ်အေးအေးဖြစ်နေပါတယ်။မြေပဲဆန်ကတော့ မြဂတီလမ်းကြောင်းအဝယ်ရှိလို့ အရောင်းအဝယ်သွက်နေပါတယ်။ တရုတ်ပြည်မှ အဝင်ရှိတဲ့ပဲတွေ ဈေးကွက်ရပ်နေပါတယ်ဟု " ၎င်းကပြောသည်။

ဧပြီ ၂၇ ရက်တွင် ဈေးမြင့်တက်လာသည့် ပို့ကုန်မတ်ပဲ (သစ်)၆၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၀၆၀၀၀၊ ပဲစင်းငုံ (သစ်) ၆၀ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀-၂၃၂၀၀၀၊ ပဲတီစိမ်း (ရွှေဝါ) ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးသာရှိပြီး တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ကျော် ဆက်လက်ဈေးမြင့်တက်လာကြောင်း မန္တလေး ကုန်စည်ဒိုင် ပေါက်ဈေးများအရ သိရသည်။

ပြည်တွင်း ပဲ၊ နှမ်းဈေးကွက် တစ်ခုလုံး ဈေးမြင့်တက်အရောင်း အဝယ်သွက်နေရာ ပို့ကုန်ပဲအချို့ ဈေးမြင့်တက်သော်လည်း တရုတ် လိုင်းပဲဈေးကွက် ကျဆင်းသွားရာ ဧပြီ ၂၇ ရက်တွင် ကုလားပဲ V2 တစ်အိတ်မှာ ငွေကျပ် ၂၁၈၀၀၀၊ ပဲကြီး တစ်အိတ်ငွေကျပ် ၂၆၀၀၀၀၊ ပဲထောပတ်တစ်အိတ် ငွေကျပ် ၂၄၀၀၀၀၊ မြေထောက်ပဲတစ်အိတ် ငွေကျပ် ၂၉၀၀၀၀၊ မြေပဲအနီ လုံးဆန် တစ်ပိဿာ ငွေကျပ် ၇၃၀၀- ၇၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

တရုတ်နယ်စပ်ရှိ တရုတ်ပဲကုန်သည်များ အခွန်ဆိုင်ရာသတ်မှတ်ချက်များကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသည့် သတင်းကြောင့် ပြည်တွင်း ပဲနှမ်းဈေးကွက်အရောင်း အဝယ် ခပ်အေးအေးရှိနေသည်။

**Source: မကွေးဂျာနယ်**

## တရုတ်နယ်စပ်ကုန်သွယ်ရေး ငွေပေးချေမှုများ၌ အသုံးအများဆုံး ငွေကြေးစနစ် ယွမ်ငွေဖြစ်လာ

ယခုနှစ်မတ်လအတွင်း တရုတ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး ငွေပေးချေမှုများ၌ ယွမ်ငွေသည် အမေရိကန်ဒေါ်လာ ငွေကြေးစနစ်ကို ပထမဆုံးအကြိမ်အဖြစ် ကျော်ဖြတ်၍ သုံးစွဲမှုအများဆုံး ငွေကြေးစနစ်ဖြစ်လာခဲ့ကြောင်း ဧပြီ ၂၆ ရက်တွင် ထုတ်ပြန်သည့် တရုတ်အစိုးရသတင်းအချက်အလက်များအရ သိရသည်။

ယွမ်ငွေကြေးစနစ်ကို နိုင်ငံတကာ ငွေကြေးစနစ်တစ်ရပ်အဖြစ်အသုံးချနိုင်ရေးအတွက် တရုတ်အစိုးရကြိုးပမ်းနေချိန်တွင် ယခုနှစ်မတ်လ တရုတ်နယ်စပ်ကုန်သွယ်ရေး ငွေပေးချေမှုများ၌ ယွမ်ငွေမှာ သုံးစွဲမှုအများဆုံး ငွေကြေးစနစ်ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်မတ်လအတွင်း တရုတ်နယ်စပ်ကုန်သွယ်ရေး ငွေပေးချေမှုများ၌ ယွမ်ငွေစနစ်သုံးစွဲမှုသည် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၅၄၉ ဒသမ ၉ ဘီလီယံဖိုးအထိ မြင့်တက်လာကြောင်း တရုတ်အစိုးရ စာရင်းဇယားများအရ သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလ တရုတ်နယ်စပ်ကုန်သွယ်ရေး ငွေပေးချေမှုများ၌ ယွမ်ငွေကြေးစနစ် အသုံးပြုခဲ့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၃၄ ဒသမ ၅ ဘီလီယံဖိုးအထိရှိခဲ့ကြောင်း တရုတ်အစိုးရ သတင်းအချက်အလက်များတွင် ဖော်ပြ ထားသည်။

ရိုက်တာသတင်းဌာန၏ တွက်ချက်မှုအရ တရုတ်နယ်စပ်ကုန်သွယ်ရေး ငွေပေးချေမှုများ၌ ယွမ်ငွေကြေးစနစ် သုံးစွဲမှုမှာ ၄၈ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ငွေကြေးစနစ်သုံးစွဲမှု ပမာဏမှာ ၄၆ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ယွမ်ငွေကြေးစနစ်အား နိုင်ငံတကာငွေကြေးစနစ်အဖြစ် ပြောင်းလဲအသုံးပြုရေးအစီအစဉ်အရ တရုတ်နိုင်ငံသည် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများအတွက် ယွမ်ငွေကို သုံးစွဲရန် ရှေးယခင်ကပင် အားပေးတိုက်တွန်းခဲ့သည်။

လက်ရှိအချိန်တွင် ကမ္ဘာ့ကုန်သွယ်ရေးလောက၌ ယွမ်ငွေကြေးစနစ်သုံးစွဲမှုမှာ နိမ့်ပါးနေဆဲဖြစ်သော်လည်း သုံးစွဲမှုနှုန်း တဖြည်းဖြည်းမြင့်တက်လာသည့် သဘောရှိကြောင်း သိရသည်။

နိုင်ငံတကာ ကုန်သွယ်ရေးငွေပေးချေမှုများ၌ တရုတ်ယွမ်ငွေသုံးစွဲမှုနှုန်းမှာ ယခုနှစ် မတ်လအတွင်း ၄ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့ပြီး အမေရိကန်ဒေါ်လာသုံးစွဲမှုနှုန်းမှာ ၈၃ ဒသမ ၇၁ ရာခိုင်နှုန်းအထိရှိကြောင်း ဘဏ္ဍာရေးအဖွဲ့အစည်းများက တွက်ချက် ထားသည်။

**Source: Reuters**

https://t.me/sdtimedaily

## ရွှေဈေး ကျပ်သိန်း ၃၀ ကျော်အထိ ပြန်လည်မြင့်တက်

ကမ္ဘာ့ရွှေဈေး ပြန်လည်မြင့်တက်လာပြီး ပြည်တွင်း အခေါက်ရွှေဈေးမှာလည်း တစ်ကျပ်သားလျှင်ကျပ်သိန်း ၃၀ ကျော်ဖြင့် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရန်ကုန်ရွှေဈေးကွက်မှ သိရသည်။

၁၆ ပဲရည်(အကယ်ဒမီ)အခေါက်ရွှေဈေး ဧပြီ ၂၇ ရက်တွင် တစ်ကျပ်သားလျှင် ဝယ်ဈေးကျပ် ၂၉၉၈၀၀၀၊ ရောင်းဈေးကျပ် ၃၀၀၃၀၀၀ ဝန်းကျင်တွင် ကြိုက်ရောင်းကြိုက်ဝယ်အနေအထားဖြင့် အရောင်းအဝယ်ဖြစ်ပေါ်နေကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးမှာမူ ဧပြီ၂၇ ရက် ညနေပိုင်းဈေးကွက်ပိတ်ချိန် ထွက်ပေါ်လာသည့်ဈေးအရ တစ်အောင်စလျှင်၂၀၀၁ ဒေါ်လာသို့ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။ အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းမှာမူ မြင့်တက်လျက်ရှိပြီး ဧပြီ ၂၇ ရက် ပြင်ပဈေးကွက်တွင် ဝယ်ဈေး ကျပ် ၂၈၆၀၊ ရောင်းဈေး၂၈၇၅ ကျပ်ဝန်းကျင်တွင် အရောင်းအဝယ်ဖြစ်ပေါ် နေကြောင်း သိရသည်။ ပြည်တွင်းအခေါက်ရွှေဈေးမှာမူ ၂၀၂၂ ခုနှစ် ဩဂုတ်လက တစ်ကျပ်သား ကျပ် ၃၈ သိန်းထိ စံချိန်တင် မြင့်တက်ခဲ့ပြီးနောက်ပိုင်း ၂၀၂၃ ခုနှစ် မြန်မာနှစ်သစ်ကူးကာလအပြီး ဧပြီလနောက်ဆုံးပတ်တွင် ရွှေဈေးပြန်လည် မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ရှန်ဟိုင်မြို့၏ ဗဟိုချက်မှ ဟောင်ကောင်ကုမ္ပဏီများကို ထောက်ပံ့ကြေးဖြင့်ဆွဲဆောင်

ရှန်ဟိုင်မြို့၏ အချက်အချာကျသည့် ခရိုင်တစ်ခုဖြစ်သော ရှူဟွေ့ (Xuhui) ခရိုင်အနေဖြင့် ဟောင်ကောင်ဒေသမှ စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်သူများကို ယွမ် ၁၇ သန်း (ဟောင်ကောင် ဒေါ်လာ ၁၉.၃ သန်း) ထောက်ပံ့ ပေးခြင်းနှင့် ဆောက်လုပ်ရေးကုမ္ပဏီများကို စီးပွားဖြစ်နှင့် နေထိုင်မှုများအတွက် မြေစတုရန်းမီတာ ၂ သန်း အကျယ်ရှိသည့် မြေကွက် ၁၂ ကွက်ကို လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ထုတ် Business စာစောင်တွင် “Shanghai hub lures HK firms with Subsidies” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ဟောင်ကောင်ဒေသမှ လုပ်ငန်းများအနေဖြင့် ရှူဟွေ့တွင် လုပ်ငန်းဆောင်ရွက်မည်ဆိုပါက စတင်တည်ထောင်မှုအတွက် ယွမ်ငွေ ၅ သန်း နှင့် ရုံးခန်း ငှားရမ်းမှုထောက်ပံ့ကြေးအဖြစ် ယွမ်ငွေ ၁၂ သန်း ပေးအပ်မည်ဖြစ်ကြောင်း တရုတ်ပြည်မ၏ ဘဏ္ဍာရေးဗဟိုဌာနတစ်ခုဖြစ်သည့် ရှူဟွေ့ဒေသ အစိုးရကပြောကြားခဲ့သည်ဟု ရေးသားဖော်ပြထားပါသည်။

ရှူဟွေ့ဒေသတိုးတက်မှုတွင် ဟောင်ကောင်ဒေသမှ လုပ်ငန်းများအနေဖြင့် အင်ပြည့်အားပြည့်ပါဝင်နေပြီး ဒေသ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်ရှိကြောင်း၊ နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်ပြီး အကျိုးအမြတ်မြှင့်တင်နိုင်ရန် မျှော်လင့်သည်ဟု ရှူဟွေ့ပါတီအတွင်းရေးမှူး Cao Liqing က ပြီးခဲ့သည့် သောကြာနေ့က ဟောင်ကောင်တွင်ပြုလုပ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ရှင်းလင်းပြောကြားမှုတွင် ပြောကြားခဲ့သည်ဟု ရေးသားဖော်ပြထားပါသည်။

သတ်မှတ်ထားသည့် လုပ်ငန်းနယ်ပယ်များအတွက် ဟောင်ကောင်ဒေသမှ ကျွမ်းကျင်ပညာရှင်များအနေဖြင့် ရှူဟွေ့ဒေသသို့ လာရောက်လုပ်ကိုင်ပါက လစဉ်အိမ်ငှားခထောက်ပံ့မှုယွမ် ၁၀၀၀ မှ ၂၀၀၀၊ ကျန်းမာရေးဆိုင်ရာ အစီအစဉ်များနှင့် ဟောင်ကောင်နှင့် ရှန်ဟိုင်ကြား အလွယ်တကူသွားလာခွင့်အတွက် Green Pass တစ်ခုထုတ်ပေးခြင်းကဲ့သို့ မူဝါဒများ ချထားခြင်းဖြင့် ကြိုဆိုသွားမည်ဖြစ်ကြောင်း ရှူဟွေ့ဒေသရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်ဟု ရေးသားဖော်ပြထားပါသည်။

ရှူဟွေ့ဒေသမှ ဦးစားပေးသည့်လုပ်ငန်းများတွင် ဒစ်ဂျစ်တယ်စီးပွားရေး၊ အသက်နှင့်ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ ဆန်းသစ်တီထွင်မှု၊ ခေတ်မီဘဏ္ဍာရေး (modern finance)၊ ကာဗွန် ထုတ်လုပ်မှုနည်းသော စွမ်းအင်နှင့် intelligent vehicles လုပ်ငန်းများပါဝင်ပါသည်။ ယမန်နှစ်အတွင်း ရှူဟွေ့ဒေသသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့မှုမှာ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၃၁.၉ ရာခိုင်နှုန်းမြင့်တက်ကာ တန်ဖိုးအားဖြင့် ယွမ် ၁.၂၄ ဘီလီယံရှိပြီး ရှန်ဟိုင်ဒေသရှိ ခရိုင်အားလုံးတွင် အမြင့်ဆုံးတိုးတက်မှုဖြစ်သည်ဟု စသည်ဖြင့်ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်**

**Myantrade.gov.mm**

## STOCK EXCHANGE (28.4.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th Apr. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,012 (Shares) | 5,012,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +300 | -3.80% | 8,200 | 8,200 | 8,200 | 2 | 16,400 | 33,109,694 | 271,500 |
| MTSH | 00002 | 3,000 | -100 | -3.23% | 2,900 | 3,050 | 2,900 | 726 | 2,108,500 | 38,929,150 | 116,788 |
| MCB | 00003 | 7,000 | -600 | -7.89% | 7,000 | 7,000 | 7,000 | 168 | 1,176,000 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,500 | 1,500 | 1,450 | 1,032 | 1,496,450 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 30 | 75,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 54 | 140,400 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th Apr. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 362.95 | -0.11 | -0.03% | 358.64 | 364.05 | 358.42 | 2,012 | 5,012,750 | 7 | 639,546 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| 2,012 (Shares) | 5,012,750 (MMK) |

## Main Board

As of 1:00 pm, 28th Apr. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,012 (Shares) | 5,012,750 (MMK) |

| MYANPIX | 362.95 ▼0.11 |
|---|---|
| Total Volume (shares) | 2,012 |
| Total Value (MMK) | 5 mil |
| Listed Company | 7 |
| Market Cap. (MMK) | 639,546 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 300 |
| MTSH | 00002 | 3,000 | ▼ 100 |
| MCB | 00003 | 7,000 | ▼ 600 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |